

လျှပ်ပန်းအိမ်
(လာရှိုး)
အောင်ကျော်ဇောနှင့်
ဂျပနီမ္ဘာ

# အောင်ကျော်ဇောနှင့် ဂျပန်မိန္ထာ

( ၁ )

ရာသီဥတုလေးကတော့ ခပ်မှို င်းမှို င်းကလေးသာ ရှိလေ၏။ နေမင်းကြီးမှာ တော့ လုံးဝမသာပေ။ သို့သော်လည်း မိုးများ လည်း မရွာ ။ မှို င်းညို့ညို့လေးကနေ အေးစိမ့်စိမ့်ရာသီဥတု အခြေနေလေးက အတော်လေးကို သဘောခွေ့စဖွယ် ကောင်းလှပေ၏။ အိမ်စီးကားလေး ဖြစ်သည့် Honda Fit လေး တစ်စီးကတော့ အမြန် လမ်းမကြီးပေါ် တဝှီး ဝှီးနှင့် ပြေးလွှားလို့ ကောင်းနေချေ၏။ ကားပေါ်၌ လည်း ယောက်ျား တစ်ဦးနှင့် မိန်းမတစ်ဦး ပါဝင်လေ၏။ အမျိုးသားမှာ တော့ ပြုံးရွှင်စွာဖြ င့်ပင် ကားလေးကို အေးဆေးစွာပင် မောင်းနှင်လို့ ။ အမျိုးသမီးဖြစ်သူ မှာ လည်း အမျိုးသား၏ ဘေးကပ်လျက် ထိုင်ခုံတွင် ထိုင်ရင်း စကား များကို မနားတမ်း ပြောနေသည် ကို ကြည့်ခြင်းအား ဖြင့်တော့ သူတို့ မှာ စုံတွဲ သို့မဟုတ် ဇနီးမောင်နှံ နှစ်ဦး ဖြစ်ကြပေလိမ့်မည်။

ကားလေးမှာ လည်း တဖြည်းဖြည်း မောင်းနှင် လာရင်းကပင် ရှမ်း ပြည်ဘက်ဆီသို့ ဆိုက်ဆိုက် မြိုက်မြိုက်ကိုပင် ရောက်မှန်းမသိ ရောက် လာချေ ပါတော့၏။ ထို့နှင့် ပင် မြို့ငယ်လေး တစ်မြို့ထဲ ရောက်တော့ သူ တို့ တွေ စားသောက်ဆိုင်လေး တစ်ဆိုင်ထဲတွင် ခေတ္တဝင်ရောက် အနား

ယူကြလေ၏။ ကားပေါ်မှ ဆင်းအပြီး စားသောက်ဆိုင်ထဲ ရောက်သည့် တိုက် သူတို့ လက်တွဲများ မဖြုတ်ကြခြင်းက သူတို့ ၏ ချစ်ခြင်းကို မည်မျှ လေးနက်ကြောင်း ဖော်ပြနေသယောင်ပင်။

"ဝိုင်း ... တစ်ခုခုမှာ လေ ... ကိုယ်ကတော့ ရှမ်းပြည် ... ရောက်တုန်း လေး ရှမ်းခေါက်ဆွဲနဲ့ ... တိုဟူးကြော်လေး မှာ လိုက်မယ် ... ဝိုင်းက ဘာစားမလဲ''

''အစ်ကို့လိုပဲ ... မှာ လိုက်လေ ... ဝိုင်း အဆင်ပြေပါတယ်''

စကားပြောနေရင်းမှ တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသ ည့် သူတို့ ၏ မျက်ဝန်းများက အချစ်တွေကိုတော့ မည်သူမျှ မျက်ကွယ် ပြုလို့ ရမည် မဟုတ်ပေ။ ထိုစဉ် သူတို့ ထိုင် နေရာစားပွဲဝိုင်းအနား လူတ စ်ယောက် လာရပ်သည် ကို သတိထားမိ လိုက်တော့၏။ ထိုလူမှာ သုံး နှစ်သာသာရှိသော ကလေးငယ်လေး တစ်ယောက်ကိုလည်း ချီလို့ ထား သေး၏။ ပြီးနောက် ထိုလူကပင် စ၍

''ဟာ ... ဟေ့ကောင် ... မင်း ... ကျော်စွာ ... မဟုတ်လား''

''ဟာ ... နေလင်း ... မတွေ့တာ ကြာပြီ ... သူငယ်ချင်းရာ ... ဒါက ငါ့ အမျိုးသမီး ... ဝိုင်းလပြည့်တဲ့ ''

''ဟုတ်လား ... အေ့ ... ဒါလည်း ငါ့သားပဲ''

နှစ်ရှည်လများ ကြာဟန် တူသော သူငယ်ချင်း နှစ်ယောက်၏ စကား ပြောနေသည် များကို ကိုကျော်စွာ၏ ဇနီးဖြစ်သူ ဝိုင်းတစ်ယောက် ပြုံး လို့ သာ ကြည့်နေလိုက်တော့၏။

''သား ... ဒါကဖေဖေ့ သူငယ်ချင်း ... ဦးဦးကျော်စွာတဲ့ ... မင်္ဂလာပါ လို့ ပြောလိုက်ပါဦး"ကိုနေလင်းက ငင်းချီထားသော ကလေးငယ်အား

ထိုသို့ ပြောလိုက် လေတော့၏။ ချစ်စရာကောင်းပြီး ပါးနပ်လှသော က လေးလေးကလည်း ...

''မင်္ဂလာပါ ... ဦးဦးကျော်စွာ''ဟူ၍ နှုတ်ဆက်လေ၏။

''ဟ ... မင်းသားက ... လူတတ်ကလေးပဲ ... ပေးစမ်းပါဦး ... ငါချီ ကြည့်ရအောင်''

ကျော်စွာလည်း ထိုသို့ပြောရင်း နေလင်း၏ ကလေးကို ပွေ့ချီလိုက် တော့သည် ။ ဝိုင်းတစ်ယောက် ကလေးချီကာ ကြည်နူးနေသော ကျော် စွာအားကြည့်ရင်း မျက်ရည်ဝဲမိသွားလေ၏။ သူတို့ အိမ်ထောင်သက် ငါး နှစ်ရှိခဲ့သည့် တိုင် သူတို့ ၌ သားသမီး မထွန်းကားခဲ့ပေ။ ထို့ကြောင့် လည်း ဝိုင်းတစ်ယောက် သူမကိုယ်သူမ အပြစ်ရှိသလို အချိန်တိုင်း ခံစား နေခဲ့ရသည့် ရက်တွေကိုမနည်းပင်။ ထိုအရာကား မည်သူ့အမှားမျှ မဟု တ်ပေ။ ကျော်စွာကား သူမကို ချစ်ရှာသည် ။ သို့ပေမဲ့လည်း အိမ်ထောင် တစ်ခု သာယာဖို့ ရာအတွက် သူမ သားသမီးလေး တစ်ယောက်လောက် တော့ လိုချင်မိ၏။ သို့သော် သူမတွင် ကလေးရနိုင်သည့် အကြောင်းပြချ က် တစ်စုံတစ်ရာ မျှော်လင့်ချက်တို့ က မရှိခဲ့ရှာတော့ပေ။

''အစ်ကိုမှာ ထားတာ ... ရပြီ''

''အေးအေး ... ကျေးဇူးပဲညီလေး''

နေလင်းက စားစရာ ပါဆယ်ထုပ် လာပေးသော စားပွဲထိုးကောင် လေးအား ကျသင့်ငွေပေးကာ အထုပ်ကို ယူလိုက်တော့သည် ။ ပြီး နောက် ကျော်စွာဘက် လှည့်ကာ ...

''ကဲ... သူငယ်ချင်းရာ ... နောက်မှ အေးဆေး ဆုံကြတာပေါ့ ... အိမ် မှာ ငါ့အမျိုးသမီးက နေမကောင်း ဖြစ်နေတာ အဲဒါကြောင့်မို့ အခု သူ

စားချင်တာလေး ... လာဝယ် ရတာပေါ့ကွာ''

''ရပါတယ်ကွာ ... ငါတို့ ဒီမှာ ငါးရက်လောက် အေးဆေးနေဦးမှာ ... နောက်နေ့ တွေ့တာပေါ့''

''သား ... ဦးဦးကို နှုတ်ဆက်လိုက်ပါဦး..."နေလင်း ပြောလိုက်တော့ ၎င်း၏ သားလေးက

''ဦးဦး ... တာ့တာ'' ဟူ၍ ပြသွားလေတော့၏။ ကလေးလေး၏ အမူအရာကား ချစ်စရာ ကောင်းလွန်းလှသည့် အတွက် ကျော်စွာ ပြုံးလိုက်မိ၏။ ပြီးနောက် ထိုင်ခုံကို ဆွဲကာ ပြန်ထိုင်လိုက်ရင်း ...

''ဟင် ... ဝိုင်း ... ငိုနေတာလား''

''ဝိုင်း ... တာဝန်မကျေမိလို့ ... ဝမ်းနည်း သွားလို့ ပါ ... အစ်ကိုရယ်''

''အို ... မဟုတ်တဲ့ အတွေးတွေခေါင်းထဲက ထုတ်ပစ်လိုက်စမ်းပါ ... ကိုယ့်အနားမှာ ဝိုင်းကလွဲရင် ဘယ်သူမှ မလိုဘူး ... ဟုတ်ပြီလား"

ကျော်စွာလည်း သူမ၏ လက်ချောင်းလေးများအား ဆုပ်ကိုင်ကာ နှစ်သိမ့်ပေးနေမိ၏။ သူတို့ ၏ ငါးနှစ်ပြည့် မင်္ဂလာ နှစ်ပတ်လည်လေး အတွက် ထွက်လာခဲ့သော ပျော်ပွဲစား ခရီးလေးကို ကျော်စွာ တစ်ယောက် မျက်ရည်များ ဖြင့် မကုန်ဆုံးလိုပါ။ သူထိုသို့ တွေးနေစဉ်မှာ ပင် စားပွဲထိုးလေးက အငွေ့ တထောင်းထောင်း ထနေသော ရှမ်းခေါက်ဆွဲပန်းကန်နှင့် တိုဟူးကြော် ပန်းကန်တို့ ကို လာချပေးကာ သူတို့ အနီးမှ ထွက်သွား လိုက်လေပါတော့၏။

***

သူတို့ လင်မယားလည်း စားသောက်ပြီးကာ ကျသင့်ငွေ များကိုရှင်း၍ ထိုဆိုင်ကလေးအတွင်းမှ ထွက်လာခဲ့လိုက် တော့သည် ။

''ဝိုင်း ... ဈေးလေးဘာလေး ... မပတ်ချင်ဘူးလား ... ရောက်တုန်းလေး လိုတာဝယ် ကြရအောင်လေ''ကျော်စွာ ထိုသို့ပြောလိုက်တော့ ...

''အစ်ကို့သဘောလေ ... သွားကြည့်ကြတာပေါ့''

''အွန်း ... လမ်းလျှောက်ပဲ သွားကြမယ် ... ကားကို ဒီမှာ ပဲ ခဏထားခဲ့လိုက်တော့မယ်''

မြို့ဈေးလေးမှာ သူတို့ ရပ်နားရာ စားသောက်ဆိုင်လေးနှင့် မလှမ်းမကမ်းတွင် ရှိသောကြောင့် လည်း သွားရန်အတွက် အဆင်ပြေလှပေသည် ။ ထို့ကြောင့် သူတို့ လင်မယားနှစ်ယောက် လက်ချင်းချိတ်ကာ နွေးထွေး တက်ကြွသော ခြေလှမ်းများ ဖြင့် ဈေးလည်ရန် အကြောင်းဖန်လာခဲ့ပါတော့၏။ ဈေးနေ့ ဖြစ်ပေလိမ့်မည်။ ဈေးထဲ၌ လူများကလည်း ပျားပန်းခပ် ကြိတ်ကြိတ်တိုး စည်ကားလို့ နေလေ၏။ ဟင်းသီးဟင်းရွက်သည် များ ကုန်စိမ်းသည် များ ကုန်ခြောက်ဆိုင်များ အစရှိသဖြင့်ဈေး၏ သဘာဝအတိုင်းတို့ ကို သူတို့ မြင်တွေ့နေရ လေသည် ။

''ငါးတွေ ... လတ်တယ်''

''ညီမရေ ... မုန်ညင်းဖြူလေးတွေ လှတယ်နော်''

''ဘုရားပန်းတွေ ... ဘုရားပန်း''

အစရှိသဖြင့် အသံတို့ က ဆူညံစွာ ထွက်ပေါ်လို့ နေပါ သေး၏။ သို့ပေမည့် အသံတိတ်ဆိတ်စွာဖြင့် ဈေးရောင်းနေသည့် ဈေးသည် တစ်ယောက်ကို မကြာခင်မှာ ပဲ သူတို့ လင်မယား နှစ်ယောက် အတူ တွေ့သွားကြပါတော့၏။ ထိုအသံတိတ် ဈေးသည် ကြီးကား အသက် ၇၀

ကျော်လောက်ရှိသည့် အဖိုးကြီးတစ်ယောက်လည်း ဖြစ် လေ၏။ ဆံပင်တို့ သည် လည်း တစ်ခေါင်းလုံး ဖွေးဆွတ်ကာ မညီမညာ ကျိုးတိုးကျဲတဲသွားများ ဖြင့် နီရဲနေအောင် ကွမ်းတို့ ကို တရစပ် ဝါးနေပြန်သေး၏။ အပေါ် ရှပ်အင်္ကျီအဝါညစ်ညစ်ကို ဝတ်ဆင်ထားကာ အောက်တွင် တော့ ရှမ်းဖျင်ကြမ်း ဘောင်းဘီတစ်ထည်ကို ဝတ်ဆင်ထားရင် မြေကြီးပေါ်တွင် သာ ဖိနပ်ခုထိုင်ရင်း ဈေးရောင်းနေပုံကား တစ်နယ်တစ်ကျေးမှ အလည်ရောက်လာသော သူတို့ အဖို့ တော့ ထူးဆန်းလို့ နေလေ၏။ ထိုထက် ထူးဆန်းသည် ကား ထိုအဘိုးအို ရောင်းနေသော ပစ္စည်းများ ပင် ဖြစ်လေ၏။ ဆာလအိတ်အစုတ်များကို ခင်းကျင်းကာ ချရောင်းနေသော ပစ္စည်းများကား အခြား အရာများ တော့ မဟုတ်။ ယခုရာစုနှစ်နှင့် မကိုက်ညီတော့သည့် ရှေးဟောင်း ပစ္စည်းများ ပင် ဖြစ်နေပါတော့၏။

ရှေးဟောင်း ယွန်းအုပ်ပေါက်စကလေးများ ဟင်္သာ အလေးများ ကျပ်စေ့ မတ်စေ့ အင်းချပ် ပေစာ အစရှိသဖြင့် ယခုခေတ်တို့ နှင့် လက်လှမ်းမမီသော အရာလေးများ များ စွာကို တွေ့ရလေပါ၏။ ယခင်တည်းက ရှေးဟောင်း ပစ္စည်း အတိုအထွာလေးများ ဝယ်ယူစုဆောင်းတတ်သည့် အကျင့်ရှိတဲ့ ကျော်စွာ အဖို့ တော့ သဘောအကျကြီးပင် ကျသွားသည် မှာ ပြောစရာပင် လိုအပ်လိမ့်မည် မထင်။

''ဝိုင်း ... ဟို ဦးလေးကြီး ... ရောင်းနေတဲ့ ပစ္စည်းလေးတွေ ... သွားမွှေကြရအောင်''

''အစ်ကို့ ... သဘောလေ ... သွားကြည့် ကြတာပေ့ါ''

နှစ်ဦးသား သဘောတူကာ ထိုအဘိုးအို ရောင်းနေသည့် နေရာဆီသို့ ချီတက် လိုက်ကြတော့သည် ။

''ဦးလေး ... ပစ္စည်းလေးတွေ ကြည့်မယ်နော်''

ထိုအဘိုးအိုလည်း ကျော်စွာတို့ အား တစ်ချက်ကြည့်ကာ မေးကို ဆတ်ပြ လိုက်တော့သည် ။ စကားပဲနည်းတာလည်း မဖော်ရွေတာလား တော့ သူတို့ လည်း မသိ။ သို့ပေမဲ့ ကျော်စွာ အရှေ့တွင် ရောက်နေသော ပစ္စည်းပစ္စယလေးများက သူ့စိတ်ကို မလိုလိုချင်အောင် ဆွဲဆောင် လှုံ့ဆော်နေသည် မှာ တော့ လုံးဝကို မငြင်းသာပါချေ။ ထိုပစ္စည်းများ ထဲ တွင် အသွား တစ်ပေခန့်ရှိပြီး အရိုး ခြောက်လက်မခန့် ရှိသော ဂျပန်ဆာ မူရိုင်း ဓားတိုလေးက ကျော်စွာ အတွက်တော့ သဘောအတွေ့ဆုံး အရာ လေးတစ်ခု ဖြစ်လာခဲ့တော့သည် ။

ဓား၏ ပုံစံလေးကို ကြည့်ရသည့် အလျောက်လည်း အတော်ပင် ရှေး ကျနေပြီ ဖြစ်ကြောင်းကို အတပ်ပြောနိုင်လေ၏။ တချို့ အဆက်နေရာ များ တွင် ပင် ချေးများကိုက်ကာ မည်းညစ် နေပေသေးသည် ။ ဓားသည် ဓားပင် ဖြစ်၏။ သို့သော်လည်း လက်ကိုင် အရိုးအောက်တွင် ထွင်းထား သော ဂျပန် မကောင်းဆိုးဝါး တစ်ကောင်၏ ပုံစံက အလွန် သေသပ် လ က်ရာမြောက်လှပေ၏။ ထို့ကြောင့် လည်း ကျော်စွာတစ်ယောက် ထိုဓား အား နှစ်သက် သွားမိသည် ကား မဆန်းချေ။ ထိုမျှမကသေး ဓားအသွား ပေါ်တွင် ပင် ဂျပန်မကောင်းဆိုးဝါး (Amanojaku) ၏ ပုံကိုပင် ကျကျနန ရေးဆွဲထား ပြန်သေး၏။ ဓားအိမ်နှင့် ဓားရိုးမှာ အနီတောက်တောက် ကလေး ဖြစ်သလို ဆွဲဆောင်မှုအားလည်း အလွန်ကောင်းလွန်း လှပေသ ည် ။

''ဝိုင်း ... ကိုယ်တော့ ဒီဓားလေး ... ကြိုက်တယ်ကွာ ...''

''ဓားကြီး ... ဘာလုပ်ဖို့ လဲ ... အစ်ကိုကလည်း တခြား ပစ္စည်းတွေ ယူပါ့လား''

''ဝိုင်းကလည်း ကွာ ... ကျန်တာတွေက အကုန်လုံးနီးပါး ... ကိုယ်စု

ထားတယ်လေ ... မရှိသေးတာ ... ခုလို ဓားလေးတွေပဲလေ''

''အင်းပါ ... အစ်ကို သဘောကျတယ် ဆိုရင်လည်း ယူပေ့ါ ... ဝိုင်း မ တားပါဘူး''

''ဒါဆို ... ကိုယ် ယူမယ်နော်"

မိမိ၏ ခင်ပွန်းဖြစ်သူ နှစ်သက် နေသည် မို့လည်း ဝိုင်းတစ်ယောက် မငြင်းသာတော့ သူလိုချင်သော ထိုဂျပန်ဓားလေးကို ဝယ်ယူရန်အတွက် သူမ သဘောတူပေး လိုက်မိသည် ။ သို့သော်ငြားလည်း သူမစိတ်ထဲတွင် တော့ တစ်စုံတစ်ရာကို လေးလံ ထုံရီနေသည် ကို သူမ၏ ခင်ပွန်းဖြစ်သူ ကျော်စွာတစ်ယောက် သိလိမ့်မည်မထင်။ ကျော်စွာလည်း သူလိုချင် သော ဓားလေးအား ကျသင့်ငွေ ပေးကာ ယူဆောင် လာခဲ့လိုက်တော့သ ည် ။ သူတို့ သည် ဧည့်သည် များ လည်း ဖြစ်သည့် အလျောက် အခြား သော အရာများကိုတော့ ထွေထွေထူးထူး ဝယ်မနေတော့ပါ။ ထိုဓား လေးကိုသာ အမှတ်တရ အဖြစ်ဝယ်ယူရင်း နှစ်ဦးသား ၎င်းတို့ ကား လေးဆီ ပြန်လာကာ တည်းခိုရန် အတွက် ဟိုတည် ကောင်းကောင်း တစ်ခုဆီသို့ ခရီးနှင်ခဲ့ လိုက်ပါတော့၏။

***

''တီ ... တီ ... ''

လက်ပတ်နာရီလေးမှ ထွက်ပေါ်လာသော အသံလည်း ဖြစ်လေ၏။ ည ဆယ့်နှစ်နာရီ ထိုးပြီဟု အချက်ပြသော အသံလေးလည်း ဖြစ်၏။ ဝိုင်းတစ်ယောက် နေရာသစ်တွင် အိပ်မပျော်သည် မို့ ထိုအသံလေး ကြား

သည် နှင့် ပင် သူမ နိုး လာလေတော့၏။ ထိုအချိန်တွင် သူမ သတိထား မိလိုက်သည် ကား ဟိုတယ်ခန်းထဲမှ နှစ်ယောက်အိပ် ခုတင်ကျယ်ကြီး ပေါ်တွင် သူမ တစ်ယောက်တည်းသာ။ အခန်းမှာ လင်းထိန်မနေဘဲ ည အိပ်မီးရောင် ခပ်မှိန်မှိန်လေးသာ လင်းလို့ နေလေ၏။

''ဟင် ... အစ်ကိုရော ... အစ်ကို''

တစ်စုံ တစ်ယောက်ဆီမှ တုံ့ပြန်သံကို သူမကြားရပေ။ ထိုကြောင့် လ ည်း သူမ ခုတင်ပေါ်မှ ထထိုင်လိုက်ကာ ဘေးဘီဝဲယာသို့ တစ်ချက် ကြ ည့်လိုက်တော့သည် ။ ခုတင်နှင့် သုံးလေးပေခန့် အကွာတွင် ကျောပေး ကာ ရပ်နေသော လူတစ်ယောက်။ အပေါ်ပိုင်း အင်္ကျီအပါပေ။ မီးရောင် ခပ်မှိ န်မှိ န်ကြောင့် ဘယ်သူ ဘယ်ဝါမှန်း မသိနိုင်သော်လည်း သူမက တော့ သူမ၏ ခင်ပွန်း ကျော်စွာ ဖြစ်ကြောင်းကို သိ၏။

''အစ်ကို ... အိပ်မပျော်ဘူးလား''

ကျောပေးရပ်နေသော ကျော်စွာ တစ်ယောက် သူမ၏ အမေးကို မ ကြားသလိုဟန်ဖြင့် ပြန်မဖြေပေ။ ထိုထက် ထူးဆန်းသည် ကား ကျော် စွာ၏ လက်ထဲတွင် ဝင်းလက်လက် အရာလေး တစ်ခုကို ကိုင်လို့ ထား လေ၏။ ထိုအရာကား အခြားတော့ မဟုတ်ပေ။ နေ့လယ်က ၎င်းတို့ ဝယ်ယူလာခဲ့သော ဂျပန် ဓားလေးပင် ဖြစ်လေ၏။

''ဟင် ... အစ်ကို ... ဘာလုပ်နေတာလဲ''

ကျော်စွာ၏ ထူးထူးဆန်းဆန်း အပြုအမူကြောင့် သူမ ထိုသို့မေးခွန်း ထုတ်လိုက်ပြန်၏။ သို့သော် ကျော်စွာမှာ တော့ ရပ်မြဲတိုင်း ရပ်လျက် သားပင်။ ခဏကြာတော့ ကျော်စွာ၏ ခန္ဓာကိုယ်ကြီး တဖြည်းဖြည်း လှုပ် ရှာလာကာ မျက်နှာကြီးမှာ သူမဘက်သို့ လှည့်လာ လေတော့၏။

ကျော်စွာ၏ မျက်နှာ မဟုတ်ပေ။ ရှည်လျားသော နှာခေါင်းချွန်ကြီးနှ င့် အတူ ပါးစပ်ထဲမှ တိုးထွက်နေသော အစွယ်ဖွေးဖွေးကြီးများကို သူမ ကြောက်လန့်ဖွယ် တွေ့လိုက် ရလေတော့၏။ မျက်လုံးများ သည် လည်း အဆမတန် ပြူးထွက်ကာ နီရဲလို့ နေလေ၏။ သူမ ကြောက်လန့်လွန်းသ ဖြင့် အော်ဟစ်ချိန်ပင် မရလိုက်။ စောစောက သူမနှင့် ခပ်လှမ်းလှမ်းတွင် ရှိသော ထိုသတ္တဝါကြီးမှာ မျက်တောင် တစ်ခတ်အတွင်း သူမ မျက်စိရှေ့ တွင် ဘွားခနဲ ပေါ် လာလေတော့၏။ ထို့နောက်တွင် တော့ ဓားဖြင့် တစ် စုံတစ်ရာကို ထိုးစိုက်သံ တစွပ်စွပ်က တိတ်ဆိတ်သော ညတစ်ညတွင် အတိုင်းသား ထွက်ပေါ်လို့ လာပါလေတော့၏။

''ဇွပ် ... ဇွပ် ... စွပ် ... စွပ် ... စွပ်''

''အင့် ... အင့်''

အမွေးထူ လက်ကြီး တစ်ဖက်ကလည်း သူမ၏ ပါးစပ် ပေါ်တွင် အုပ် လျက်သား။ သူမအသံက တိမ်ဝင်ပျောက်ကွယ်လို့ သွားချေပြီ။ နာကျင်မှု များမှ အပ သူမ ဘာကိုမှ မခံစားမိတော့ပေ။

***